# ၄။ သဒ္ဒါရှင်းလင်းချက်

၁. **V て-ပုံစံ も いいですか**　Vလို့ ရသလား / Vလို့ ဖြစ်သလား

ဤဝါကျပုံစံသည်ခွင့်ပြုချက်ကိုတောင်းဆိုရာတွင်အသုံးပြုသည့်အသုံးအနှုန်းပုံစံဖြစ်သည်။

① 写真(しゃしん)を 撮(と)っても いいですか。　ဓာတ်ပုံ ရိုက်လို့ ရပါသလား။

ဤအသုံးအနှုန်းမျိုးဖြင့်ခွင့်ပြုချက်ကိုတောင်းဆိုလာပါကအောက်ဖော်ပြပါ ②③ ကဲ့သို့ပြန်လည်ဖြေဆိုနိုင်သည်။အထူးသဖြင့်ခွင့်မပြုလိုခြင်း၊သွယ်ဝိုက်၍ငြင်းဆိုခြင်းမျိုးဖြစ်ပါက (/နားဝင်ချိုစေသောဖြေဆိုနည်းဖြင့်ဖြေဆိုပါက) ② ကိုအသုံးပြု၍၊တားမြစ်သောအသုံးအနှုန်းကိုအသုံးပြုလိုပါက ③ နှင့် အောက်ဖော်ပြပါ နံပါတ်-၂ ကဏ္ဍကိုအသုံးပြုနိုင်သည်။မည်သည့်နည်းဖြင့်ဖြေဆိုသည်ဖြစ်စေအကြောင်းပြချက်ကိုပူးတွဲဖော်ပြလေ့ရှိသည်။

② ここで たばこを 吸(す)っても いいですか。ဒီမှာ ဆေးလိပ်သောက်လို့ ရပါသလား။
……ええ、[吸(す)っても] いいですよ。　……အင်း၊ [သောက်လို့] ရပါတယ်။
……すみません、ちょっと……。 のどが 痛(いた)いですから。
……စိတ်မရှိပါနဲ့၊ သိပ်တော့…။ လည်ချောင်း နာနေလို့ပါ။ (သင်ခန်းစာ-၁၇)

③ ここで たばこを 吸(す)っても いいですか。ဒီမှာ ဆေးလိပ်သောက်လို့ ရပါသလား။
……ええ、[吸(す)っても] いいですよ。　……အင်း၊ [သောက်လို့] ရပါတယ်။
……いいえ、[吸(す)っては] いけません。 禁煙(きんえん)ですから。
……ဟင့်အင်း၊ [သောက်လို့] မရပါဘူး။ ဆေးလိပ်တားမြစ်ထားလို့ပါ။



၂. **V て-ပုံစံ は いけません**　Vလို့မရဘူး / Vလို့မဖြစ်ဘူး

④ ここで たばこを 吸(す)っては いけません。禁煙(きんえん)ですから。
ဒီမှာ ဆေးလိပ် သောက်လို့ မရပါဘူး။ ဆေးလိပ်တားမြစ်ထားလို့ပါ။

ဤအသုံးအနှုန်းကိုအောက်ခြေလူမှအထက်လူသို့ပြောသောအခါမျိုးတွင်မသုံးနိုင်ပါ။

၃. **V て-ပုံစံ います**

ဤဝါကျပုံစံတွင်သင်ခန်းစာ-၁၄၌လေ့လာပြီးဖြစ်သောဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သောပြုမူခြင်းအမှုကိုဖော်ပြသည့်အသုံးအပြင်၊အောက်ပါကဲ့သို့သောအသုံးမျိုးလည်းရှိသည်။

၁) အခြေအနေကိုဖော်ပြသည် (အထူးသဖြင့်～て　います　ပုံစံဖြင့်အသုံးပြုသော ကြိယာ)

⑤ わたしは 結婚(けっこん)して います。　ကျွန်တော့်/ကျွန်မမှာ အိမ်ထောင်ရှိပါတယ်။

⑥ わたしは 田中(たなか)さんを 知(し)って います。　ကျွန်တော်/ကျွန်မ မစ္စတာတနကကို သိပါတယ်။

⑦ わたしは カメラを 持(も)って います。　ကျွန်တော့်/ကျွန်မမှာ ကင်မရာ ရှိပါတယ်။

⑧ わたしは 大阪(おおさか)に 住(す)んで います。　ကျွန်တော်/ကျွန်မ အိုဆာကာမှာ နေပါတယ်။



[မှတ်ချက်-၁] しって います ၏အငြင်းပုံစံသည် しりません ဖြစ်သည်။ しって いません ဟူ၍မပြောကြောင်းကိုသတိပြုရမည်။

⑨ 市役所(しやくしょ)の 電話番号(でんわばんごう)を 知(し)って いますか。မြို့နယ်ရုံးက ဖုန်းနံပါတ်ကို သိပါသလား။
……はい、知(し)って います。　……ဟုတ်ကဲ့၊ သိပါတယ်။
……いいえ、知(し)りません。　……ဟင့်အင်း၊ မသိပါဘူး။

[မှတ်ချက်-၂] もって います တွင်ယခုလက်ရှိလက်ထဲတွင်ကိုင်ထားသည်ဟူသောအဓိပ္ပာယ်နှင့်ပိုင်ဆိုင်ထားသည်ဟူသောအဓိပ္ပာယ်ရှိသည်။

၂) အလေ့အထဆန်သောလုပ်ဆောင်မှု (ကာလအတော်ကြာတိုင်အောင်အလားတူအပြုအမူကိုအဖန်တလဲလဲလုပ်ဆောင်ခြင်း)၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရာထူး တို့ကို ဖော်ပြသည်။

⑩ IMC は コンピューターソフトを 作(つく)って います。
IMC က ကွန်ပျူတာဆော့ဝဲ ထုတ်ပါတယ်။

⑪ スーパーで ナンプラーを 売(う)って います。　စူပါမားကက်မှာ ငါးငံပြာရည် ရောင်းပါတယ်။

⑫ ミラーさんは IMC で 働(はたら)いて います。　မစ္စတာမီလာက IMC မှာ အလုပ်လုပ်ပါတယ်။

⑬ 妹(いもうと)は 大学(だいがく)で 勉強(べんきょう)して います。
ညီမလေးက တက္ကသိုလ်မှာ ကျောင်းတက်နေပါတယ်။



၄. **Nに V**

ဝိဘတ် に ကို はいります၊ すわります၊ のります (သင်ခန်းစာ-၁၆ ဝင်သည်၊ ထိုင်သည်၊ စီးသည်)၊ のぼります (သင်ခန်းစာ-၁၉ တက်သည်)၊ つきます (သင်ခန်းစာ-၂၅ ရောက်ရှိသည်) စသည့်ကြိယာများနှင့်အတူအသုံးပြု၍၊ ထိုသို့သောအပြုအမူတို့ကိုလုပ်ဆောင်ခြင်းအားဖြင့်ကတ္တားပုဒ်တည်ရှိရာနေရာကိုဖော်ပြသည်။

⑭ ここに 入(はい)っては いけません。　ဒီထဲကို ဝင်လို့မရပါဘူး။

⑮ ここに 座(すわ)っても いいですか。　ဒီမှာ ထိုင်လို့ရပါသလား။ (/ဒီမှာထိုင်လို့ရမလား။)

⑯ 京都駅(きょうとえき)から 16番(ばん)の バスに 乗(の)って ください。
ကျိုတိုဘူတာကနေ နံပါတ်-၁၆ ဘတ်စကားကို စီးပါ။ (သင်ခန်းစာ-၁၆)

၅. **$N_1$に $N_2$を V**

ဝိဘတ် に သည်အပြုအမူကိုလုပ်ဆောင်ခြင်းအားဖြင့် $N_2$ တည်ရှိရာနေရာ ($N_1$) ကိုဖော်ပြသည်။

⑰ ここに 車(くるま)を 止(と)めて ください。　ဒီနေရာမှာ ကားကို ရပ်ပါ။

⑱ မှ に သည်လည်းအလားတူလုပ်ငန်းတာဝန်ကိုထမ်းဆောင်သည်။

⑱ ここに 住所(じゅうしょ)を 書(か)いて ください。　ဒီနေရာမှာ လိပ်စာကို ရေးပါ။